သတင်းကြေညာချက်

## စစ်ရေးပဋိပက္ခနယ်မြေအတွင်း ရေကာတာဆောက်လုပ်ခြင်းမှ ရပ်တန့်ပေးရန် ရှမ်းလူ့အသိုင်းအဝိုင်းများနှင့် လွှတ်တော်အဖွဲ့ဝင်ကိုယ်စားလှယ်များ တောင်းဆို

ရက်စွဲ။ ၅ . ၁၂ . ၂၀၁၈

ရေကာတာဆောက်လုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူ့အသိုင်းအဝိုင်းကို ထိခိုက် စေသည့်အပြင် စစ်ပဋိပက္ခနယ်မြေအတွင်း ဆောက်လုပ်နေခြင်းသည်လည်း စစ်ရေး ပြဿနာ များ ပို၍အခွန့်ရှည်စေနိုင်သောကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ အထက်ရဲရွာရေကာတာ နှင့် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ အထက်ကျိုင်းတောင်း ရေကာတာဆောက်လုပ်ခြင်းတို့မှ ရပ်တန့်ရန် ဒီကနေ့ ရန်ကုန်မြို့တွင် ရှမ်းလူ့အသိုင်း အဝိုင်းများနှင့် ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များက စုစည်းပြီး သတင်းစာရှင်းလင်း ပွဲတစ်ရပ်ကို ပြုလုပ်ကြပါသည်။

ဤရေကာတာကြီးနှစ်ခုသည် မြန်မာစစ်အစိုးရ(နအဖ)လက်ထက်၌ စတင်ခဲ့သော ယခုလက်ရှိ တည်ဆောက် ဆဲဆည်ဖြစ်ပြီး ၄င်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများက ဘာမျှ သိခွင့် မရရှိခဲ့သည့်အပြင် စစ်ရေးပဋိပက္ခနယ်မြေအတွင်းတည်ဆောက်တဲ့ ရေကာတာလည်း ဖြစ်နေပါသည်။ စစ်ရေးပြဿနာအတွင်းကျရောက်ဆဲဖြစ်တဲ့ သီပေါပြည်သူပြည်သားများလည်း နမ္မတူမြစ်ပေါ် ရေကာတာတည် ဆောက်ခြင်းမှ ရပ်တန့်ပေးရန် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ အတန်တန် တောင်းဆိုခဲ့ သော်လည်း နေပြည်တော် လွှတ်တော်ရဲ့ မဲခွဲဆုံးဖြတ်ပြီး ရေကာတာဆက်၍ တည်ဆောက်ရန်သာ အားပေးအားမြှောက်ပြုခဲ့ကြသည်။

ရှမ်းပြည်တောင်းပိုင်း မိုးနဲမြို့နယ်အတွင်း ကျိုင်းတောင်းမြို့ရှိ နမ့်တိန်းပေါ် ရေကာတာ စီမံကိန်း တွေကြောင့် ဒေသခံပြည်သူလူထုများ သုတေသနပြုကြပြီး အစီရင်ခံစာ အသစ် ဖြစ်တဲ့ " စစ်တလင်းမြေမှ ခြောက်သွေ့မြေအဖြစ်သို့ " ဟု အမည်ရှိသော မှတ်တမ်း သစ်ကို သတင်းစာရှင်းလင်းပွဲတွင် ဖြန့်ဖြူးမှာဖြစ်ပါသည်။ ၁၉၉၆-၁၉၉၈ခုနှစ်တွင် ရှမ်းပြည် တောင်းပိုင်း အတွင်း မြန်မာစစ်အစိုးရ၏ အဓမ္မရွာ ရွှေ့ရွာပြောင်းပြုခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်း၊ နမ့်တိန်းချောင်း တလျှောက်နေထိုင် သူများအိုးမဲ့အိမ်မဲ့ဘဝအဖြစ်သို့ မောင်းရွှေ့ခြင်းများပြုလုပ်ပြီး ၄င်းနေရာအစား တပ်ရင်း အဖြစ် အခိုင်အမာတည်ဆောက်တင်ရုံမက ရေကာတာဆောက်လုပ်ခြင်းကို ၄င်းမှတ် တမ်းစာ တွင် အပြည့်အစုံဖော်ပြထားပါသည်။

ရေတံခွန်ကြီးရဲ့အထက်ဘက်တွင် ၂၀၀၉ ခုနှစ်က စစ်အင်အားသုံး၍ ဆောက်လုပ်ပြီး စီးခဲ့သည့် ယခင်က ရေကာတာသည် ရေတံခွန်၏အလှတရားများနှင့် ရေနေငါးသတ္တဝါ ကျက်စားရာနေရာလည်း ပျောက်ကွယ်ပျက်ဆီးစေခဲ့ပါသည်။ ထို့ပြင် ဆောက်လုပ်ရေး အင်ဂျင်နီယာတို့၏ နည်းစနစ်မှားယွင်းမှု ကြောင့် တာဘိုင်စက် (၃) ခုရှိရာ (၁) ခုတည်းသာ လည်ပတ်နိုင် ကြောင်းသိရသည်။ ထိုနည်းတူစွာ အထက် ကျိုင်းတောင်းရေကာတာ သည် လည်း ကြီးမားတဲ့ဆိုးကျိုးသက်ရောက်မှုများရှိသည့်အပြင် မိုးနဲနှင့် လင်းခေးတို့တွင်ထောင် နဲ့ချီပြီးနေထိုင်ကြသောဒေသခံများရဲ့ ကျန်းမာရေးကို ထိခိုက်စေပြီး လုပ်ကိုင်စား သောက်အသက်မွေးဝမ်းကြောက်းပြုရန် အခက်ကြုံတွေ့ရမည်ဖြစ်ပါသည်။

နမ့်တိန်းချောင်းနှင့် နမ္မတူမြစ်သည် ရှမ်းလူမျိုးအတွက် တွင်ကျယ်တဲ့သမိုင်းနှင့် အဖိုးမ ဖြတ်နိုင်တဲ့ ရိုးရာဓလေ့များလည်းရှိပါသည်။ ရှေးဟောင်းစေတီပုထိုးတော်များသည် ထိုမြစ်ချောင်းနှစ်ခုရဲ့နံဘေး တလျှောက်တွင်တည်ရှိနေပြီး ကျိုင်းတောင်းမြို့သည် ရှမ်းလူမျိုးများ တို့၏နှတ်ဖျားတွင်ထင်ကျန်စေတဲ့ အ

ချစ် ဇာတ်လမ်းထဲက အချစ်သူရဲကောင်း တစ်ဦးဖြစ်တဲ့ ခွန်ဆာမ်လောဓ၏ ဇာတိချက်ခြွေမွေးရပ်မြေပဲ ဖြစ်ပါသည်။

"ဒီမြစ်တွေဟာ ကျွန်တော်တို့ဒေသခံအသိုင်းအဝိုင်းအတွက် အသက်သွေးကြောပမာ ရာနဲ့ ချီပြီး ကြာခဲ့ပါပြီ။ အခုဆိုအစိုးရက ဒီမြစ်တွေကိုရေကာတာတည်ဆောက်ဖို့ ရောင်းလိုက်ပြီ။ ဒါတွေဟာ စစ်ရေးပဋိပက္ခ တွေကို ဖြစ်ပွားစေမှာ ဖြစ်တယ်။ အခုလက်ရှိတည် ဆောက်နေတဲ့ အထက်ရဲရေကာတာနှင့် အထက် ကျိုင်းတောင်းရေကာတာအပါအဝင် ရှမ်းပြည်တ ခွင်လုံးမှာ တည်ဆောက်နေတဲ့ ရေကာတာ တွေအားလုံးရပ်တန့်ပေးဖို့ ကျွန်တော် တို့တောင်းဆိုပါတယ်" ဟု ရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့မှ စိုင်းခေးဆိုင်က ပြောပါ သည်။

ထို့အပြင် ရှမ်းပြည်နယ်အတွင်း ဆည်ဆောက်လုပ်ခြင်းကို ထောက်ခံအားမပေးရန် ရှမ်း လူ့ အသိုင်းအဝိုင်းအဖွဲ့က နိုင်ငံခြားသံရုံးနှင့် ရင်းနှီးမြှုပ်နှံသူတို့ထံသို့ စာပေးပို့ခဲ့ပါသည်။

နမ္မတူမြစ်နှင့် နမ့်တိန်းမြစ်ပေါ် ဆည်တည်ဆောက်မှုတွင် ပါဝင်ပတ်သက်ရင်းနှီးမြှုပ်နှံ သော ကုမ္ပဏီများမှာ ဆွစ်ဇလန်၊ ဂျာမနီ၊ နော်ဝေး၊ ဂျပန်နှင့် တရုတ်တို့ဖြစ်ပါသည်။

အစီရင်ခံမှတ်တမ်းစာ "စစ်တလင်းမြေမှ ခြောက်သွေ့မြေအဖြစ်သို့" ကို ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်၏ www.shanhumanrights.org ဝပ်ဆိုက်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။


**ဆက်သွယ်ရန်**

စိုင်းခေးဆိုင် +95 926-436- 2973

နန်းလောဝ်ခမ်း +95 926- 210- 8062

စိုင်းထမ်းအိုင်း +95 997 -187- 9982

စိုင်းဟော်ရှဲန် +66 62- 941-9600